မျက်စိထိခြင်းမှ ကာကွယ်ရန်အတွက် ကုလားအုတ်လည်ပင်း၌
ချည်ထားသော မည်သည့်ခေါင်းလောင်းကြိုးနှင့်
ခမည်းကြိုးကိုမဆို မချန်ထားဘဲ ဖြတ်တောက်ပစ်ရန်
မှာကြားတော်မူခဲ့သည်။
အဗူဗရှီးရ် အလ်အန်ဆွာရီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်သည်။ သူသည်
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)နှင့်အတူ ခရီးစဉ်တစ်ခု၌ရှိခဲ့သည်။
လူတို့သည် မိမိတို့၏ တည်းခိုရာနေရာ၌ရှိနေစဉ် ကိုယ်တော်က အစေတော်တစ်ဦးအား
စေလွှတ်၍ မျက်စိထိခြင်းမှ ကာကွယ်ရန်အတွက် ကုလားအုတ်လည်ပင်း၌ ချည်ထားသော
မည်သည့်ခေါင်းလောင်းကြိုးနှင့် ခမည်းကြိုးကိုမဆို မချန်ထားဘဲ ဖြတ်တောက်ပစ်ရန်
မှာကြားတော်မူခဲ့သည်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း။]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏ခရီးစဉ်တစ်ခု၌ ရှိနေခဲ့သည်။
လူတို့သည် မိမိတို့ ညအိပ်စက်နားနေသည့် နေရာများ၊ ရွက်ဖျင်တဲများတွင်ရှိနေကြစဉ်
ကိုယ်တော်သည် ပုဂ္ဂိုလ်တစ်ဦးအား ၎င်းတို့ထံ စေလွှတ်၍ ကုလားအုတ်လည်ပင်း၌
ချည်ထားသောကြိုး (လေးကိုင်းကဲ့သို့ဖြစ်စေ) သို့မဟုတ် ခေါင်းလောင်းဖြစ်စေ
ခြေထောက်များတွင်ချည်သည့်ကြိုးဖြစ်စေ၊ မည်သည့်အရာကိုမဆို ဖြစ်တောက်ပစ်ရန်
အမိန့်ပေးတော်မူခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် လူတို့သည် မျက်စိထိခြင်းမှ
ကာကွယ်ရန်အတွက် ထိုကြိုးများကို ချည်နှောင်ထားကြခြင်းဖြစ်သည်။ ကိုယ်တော်သည်
၎င်းတို့ကို ဖြတ်ပစ်ရန် အမိန့်ပေးတော်မူခြင်းမှာ ထိုအရာများသည် ၎င်းတို့ထံမှ
မည်သည့်ဘေးဒုက္ခကိုမျှ မဖယ်ရှားပေးနိုင်သည့်အတွက်ဖြစ်သည်။ မုချဧကန်
ကောင်းကျိုးနှင့် ဆိုးကျိုးသည် ဖက်စပ်ယှဉ်တွဲခြင်း ကင်းတော်မူသော
တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ် လက်တော်၌သာရှိပေသည်။
https://sunnah.global/hadeeth/my/show/6761